
mgyoe.com SAMPLE BOOK

# သက်လုံ

## သားငယ်ရှယ်လူး

သိစေဦး

လူစွမ်းကောင်းဖြစ်ချင်ရင်အလုပ်လုပ်ပါ ၃



mgyoe.com

mgyoe.com SAMPLE BOOK



သားငယ်… လူစွမ်းကောင်း ဖြစ်ချင်ရင် အလုပ်လုပ်ပါ။
လူစွမ်းကောင်းဆိုတာ အစွမ်းများများ ရှိတဲ့သူ မဟုတ်လား။
အစွမ်း ဆိုတာကလည်း အလုပ် လုပ်သူမှာမှ ရှိတာမျိုး သားငယ်ရဲ့။
ပျင်းရိတဲ့ လူတွေဟာ အစွမ်း မရှိသူတွေပဲ။
လောကမှာ ကြိုးစားပမ်းစားနဲ့ ဒုက္ခခံပြီး လုပ်တဲ့ လူတွေမှ
ကမ္ဘာကို ပိုင်စိုးသူ ဖြစ်နိုင်တယ်လေ။

*လူစွမ်းကောင်းဖြစ်ချင်ရင် အလုပ်လုပ်ပါ မှ။*

Wisdom House

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

❑ ကိုယ့်နဲ့ မသင့်တော်တဲ့ အလုပ်ကို လုပ်နေရပြီ ဆိုရင်လည်း ခဏသာ ဖြစ်တယ်။ ကြာရှည် မဖြစ်ဘူး။ နောက်ဆုံးမှာ သင့်တော် အံဝင်တဲ့ နေရာကို ရောက်နေရမှာပဲ။ ကြွေတစ်လက် ကြက်တစ်ခုန် ကံကောင်းလို့ မတန်တဲ့ နေရာကို ရောက်နေရင်လည်း ခဏပဲ သားငယ်။ မင်းဟာ အလုပ်ကို အတတ်နိုင်ဆုံး အကောင်းဆုံး မလုပ်နိုင်ရင် ကိုယ်နဲ့ တန်ရာ တန်ရာ ဖြစ်တဲ့ နိမ့်ကျတဲ့ နေရာကို ရောက်ရမှာပဲ သားငယ်။

*အလုပ်က လူတွေကို ရွေးတယ် မှ*

❑ ဘဝ ဆိုတာ ကိုယ် လုပ်ချင်သလို ဖြစ်တာပါ ဆိုတဲ့ စကားက အတိအကျကို မှန်ကန်တဲ့ စကားပဲ သားငယ်။ အချိန်ရှိတုန်းက မင်းဟာ စွမ်းအင်တွေကို ဖြုန်းတီးပစ် လိုက်မယ်၊ မဟုတ်တဲ့ နေရာတွေမှာ သုံးမယ် ဆိုရင် နောင်တစ်နေ့မှာ မင်းရဲ့ ဘဝဟာ ယိုယွင်းပျက်စီးနေတဲ့ ဘဝပဲ ဖြစ်ရမယ်။

*ဟန်ချက်ညီ စွမ်းအား မှ*

mgyoe.com

mgyoe.com SAMPLE BOOK

❑ မင်းဟာ ဘာကို လိုချင်တယ် ဆိုတာ သိရမယ်။ တိကျတဲ့ ရည်ရွယ်ချက်နဲ့ ကိုက်ညီအောင် အကြံပြုထားရမယ်။ ပြီးတော့ ငါ မုချအောင်နိုင်ရမယ်လို့ စိတ်တုံးတုံး ချထားလိုက်ပါ။ စိတ်ကို ကြံ့ကြံ့ခိုင်ခိုင်ထားပါ။ 'ငါ တတ်နိုင်တယ်' ဆိုတဲ့ စိတ်ဓာတ်ကို မွေးလိုက်ပါ။ 'ငါ အရှုံးမပေးဘူး' ဆိုတဲ့ သဘောထား ဖြစ်အောင် ပြောင်းပစ်လိုက်စမ်းပါ။

*ခြေတစ်လှမ်းချင်းဖြင့် ပန်းတိုင်ရောက်တယ်* **မှ**

❑ ဒီတော့ ပျင်းရိတဲ့ လူဟာ တောင်ကုန်းကို မတက်ချင်ဘူး၊ ကွေ့ရှောင်ချင်တယ်။ ဒါပေမဲ့ ဘဝရဲ့ အခက်အခဲနဲ့ ပြဿနာ ဆိုတာမျိုးကတော့ ကွေ့ရှောင်လို့ မရဘူး။ ကျော်လွှားနိုင်ရင် ကျော်လွှား၊ မကျော်လွှားနိုင်ရင် အရှုံးပေးရမှာပဲ။ ဒါကြောင့် ပျင်းရိသူတွေဟာ ဘယ်တော့မှ မထွန်းတောက်ပါဘူး၊ ဘယ်တော့မှ အောင်မြင်သူ မဖြစ်ပါဘူး။

*အလုပ်ဖြင့် ပေးဆပ်ခြင်း* **မှ**

mgyoe.com

mgyoe.com SAMPLE BOOK

WISDOM HOUSE
စာအုပ် ၁၁၃

# သားငယ်ရှယ်လူး သိစေဦး-၃

## လူစွမ်းကောင်းဖြစ်ချင်ရင် အလုပ်လုပ်ပါ

**သက်လုံ**

WISDOM HOUSE
၀၁-၅၄၅၀၃၆၊ ၀၉-၅၀၅-၈၅၃၃၊ ၀၉၄၉-၂၈၈၉၄၈
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ပထမအကြိမ် | ၁ - ဩဂုတ်လ၊ ၂၀၀၀ ပြည့်နှစ်။ |
| | ၂ - ဒီဇင်ဘာလ၊ ၂၀၀၁ ခုနှစ်။ |
| ပထမအကြိမ် | ၁+၂ နှစ်အုပ်ပေါင်း၊ စာပေလောက၊ |
| | ဇွန်လ၊ ၂၀၀၃ ခုနှစ်။ |
| ပထမအကြိမ် | သီးခြားအတွဲ ၃၊ Wisdom House |
| | ဖေဖော်ဝါရီလ၊ ၂၀၁၄ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင် |
| | Wisdom House စာအုပ်တိုက် |
| | အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂ |
| | လက်ဝဲမင်းဒင်လမ်း၊ |
| | မေတ္တာညွန့်ရပ်ကွက်၊ |
| | တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း |
| | ကာလာဇုန်ပုံနှိပ်တိုက် |
| | ၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံး | လင်းဝဏ္ဏ |
| တန်ဖိုး | ၁၀၀၀ ကျပ် |

၁၃၁. ၃

သက်လုံ

သားငယ်ရွှယ်လူးသိစေဦး(လူစွမ်းကောင်းဖြစ်ချင်ရင်အလုပ်လုပ်ပါ)

/သက်လုံ၊ - ရန်ကုန်၊

Wisdom House စာအုပ်တိုက်၊ ၂၀၁၄။

၁၂၈ စာ၊ ၁၀. ၃ x ၁၆. ၃ စင်တီ။

(၁)သားငယ်ရွှယ်လူးသိစေဦး(လူစွမ်းကောင်းဖြစ်ချင်ရင်အလုပ်လုပ်ပါ)


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ❑ | စီစဉ်သူ၏ မေတ္တာစကား | က |
| ၁။ | လူစွမ်းကောင်းဖြစ်ချင်ရင် အလုပ်လုပ်ပါ | ၁ |
| ၂။ | အလုပ်က လူတွေကို ရွေးတယ် | ၉ |
| ၃။ | အလုပ်ဖြင့် ပေးဆပ်ခြင်း | ၁၆ |
| ၄။ | ခြေတစ်လှမ်းချင်းဖြင့် ပန်းတိုင်ရောက်တယ် | ၂၃ |
| ၅။ | ဝါသနာနဲ့ ဝမ်းစာ | ၃၀ |
| ၆။ | ထာဝစဉ် အလုပ်လုပ်ရမယ် | ၃၈ |
| ၇။ | ပန်းတိုင်းမှာ ရနံ့ အသွေး ရှိတယ် | ၄၅ |
| ၈။ | မင်းအိပ်မက်ကို ရဖို့ မအိပ်ရဘူး | ၅၂ |
| ၉။ | အသိပညာဖြင့် ကျော်လွှားပါ | ၅၉ |
| ၁၀။ | ရည်စူးဦးတည်ချက် | ၆၆ |
| ၁၁။ | စွမ်းရည်ကို ပျိုးထောင်ပါ | ၇၃ |
| ၁၂။ | စွမ်းအားနှင့် စွမ်းရည် | ၇၉ |
| ၁၃။ | ဟန်ချက်ညီ စွမ်းအား | ၈၆ |
| ၁၄။ | ကျန်းမာရေးနဲ့ စွမ်းအား | ၉၃ |
| ၁၅။ | ဆုတ်ယုတ်မှု နိယာမ | ၁၀၀ |
| ၁၆။ | ပြန်မရနိုင်တော့သည့် အချိန် | ၁၀၇ |


mgyoe.com

mgyoe.com SAMPLE BOOK

# စီစဉ်သူ၏ မေတ္တာစကား

ဆရာသက်လုံရဲ့ 'သားငယ်ရွယ်လူးသိစေဦး'ကို လူငယ်လေးတွေ လွယ်လင့်တကူ သယ်ဆောင်ဖတ်ရှုနိုင်ရအောင် စာအုပ်တွဲလေးတွဲ ခွဲထုတ်ဝေတဲ့ အစီအစဉ်မှာ အခုစာအုပ်က တတိယအုပ်ပါ။ ပထမတွဲ 'ပျော်စရာအစစ်ရဲ့တည်မှီရာ' မှာတုန်းက ပျော်ရွှင်မှုနဲ့ပတ်သက်တဲ့ ဆောင်းပါးတွေ စုစည်းခဲ့ပြီး ဒုတိယစာအုပ်မှာ 'အောင်မြင်မှု'နဲ့ စပ်လျဉ်းသမျှ ဆက်လက်စုစည်းတင်ဆက်ထားပါတယ်။

အခုတတိယ စာအုပ်မှာ လူငယ်လေးများအတွက် အဓိကအရေးပါတဲ့ 'အလုပ်'အကြောင်းတွေကို ရွေးချယ်ထားပါတယ်။ ဆရာသက်လုံက သားငယ်လေးတွေ သာမက သမီးလေးတွေအတွက်ပါ ရည်ညွှန်းကြောင်း ဆိုခဲ့တာမို့ လူငယ်လေးတွေ ဒီစာအုပ်တွဲတွေကနေ ဘဝအမြင် ဖြောင့်တန်းနိုင်မယ့် အသိပညာ ရရှိပါစေကြောင်း မေတ္တာရည်လိုက်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်းပါးလေးတွေကို ခေါင်းစဉ်တပ်ပေးတဲ့ ဆရာရဲသျှမ်းနှင့်တကွ ပူးပေါင်းပါဝင်ကူညီကြသူအားလုံးရဲ့ ကျေးဇူးတွေကိုလည်း မှတ်တမ်းပြုရပါတယ်။

ကြည်ရွှန်း

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်။



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# လူစွမ်းကောင်းဖြစ်ချင်ရင် အလုပ်လုပ်ပါ

သားငယ်

အလုပ်ကို ပေါ့ပေါ့ သဘောမထားနဲ့နော်။ တကယ်တော့ လူ့ဘဝအတွက် အလုပ် ဆိုတာ အဖိုးတန်ဆုံး အရာတစ်ခု ဖြစ်ပါတယ်။ ဒါထက် အခု အဘ ပြောနေတဲ့ အလုပ် ဆိုတာ အသက်မွေးဝမ်းကျောင်း အလုပ်ကိုချည်း ပြောနေတာ မဟုတ်ဘူးဆိုတာ သားငယ်ကို ထပ်ပြီး သတိပေးပါရစေဦး။ အပျင်းပြေ ပန်းပင် စိုက်တာလည်း အလုပ်ပဲ။ ဗဟုသုတ ရှာမှီးဖို့ စာဖတ်တာလည်း အလုပ်ပဲ။ အသိ မိတ်ဆွေတွေဆီ စာမှန်မှန် ရေးတာလည်း အလုပ်ပဲ။ ကျန်းမာရေးအတွက် လမ်းမှန်မှန် လျှောက်တာလည်း အလုပ်ပဲပေါ့ကွယ်။ ဘာပဲလုပ်လုပ် နေ့စဉ် မှန်မှန် လုပ်ရင် အလုပ်ပဲပေါ့ကွယ်။ အဓိပ္ပာယ်ရှိရှိ ရည်မှန်းချက်ကလေးနဲ့ လုပ်တာတော့ ဖြစ်ရမှာပေါ့။ အဲဒါ အလုပ်ပဲ။

အဘက အလုပ်ကို အဖိုးတန်ဆုံးသော အရာတစ်ခုလို့ ဘာဖြစ်လို့ ပြောသလဲ။ အလုပ်က စာရိတ္တကို တည်ဆောက် ပြုပြင်ပေးတတ်လို့ပဲ သားငယ်။ မယုံရင် သတိထားပြီး ကြည့်



mgyoe.com

mgyoe.com SAMPLE BOOK

လေ။ အလုပ် ကြိုးစားလုပ်တဲ့ လူဟာ စာရိတ္တ ကောင်းတာချည်း ပဲ သားရဲ့။ ရေသာခိုနေတဲ့ လူတွေ၊ လစ်ရင် လစ်သလို အလုပ် ကို မလုပ်ဘဲ ပျင်းရိနေသူ၊ အပျော်လိုက်နေသူတွေသာ စာရိတ္တ မကောင်းတာကို တွေ့ရမှာပါ။ ထည်ထည်ဝါဝါ ရလဒ်ကို မရစေ နိုင်တဲ့ အလုပ် ဖြစ်ပါဦးတော့။ အလုပ် ဖြစ်နေသမျှတော့ အဖိုး တန်တာပဲ။

ဥပမာ သားငယ်။ နေ့စဉ်မှန်မှန် ပန်းပင်ကလေး စိုက်တယ် ဆိုပါတော့။ ပန်းပင်ကလေး တစ်ပင်က ရတဲ့ အသီးအပွင့်ဟာ ဘာပြောလောက်မှာလဲ။ ဒါပေမဲ့ အလုပ် ဖြစ်နေတော့ အဖိုးတန် တာပဲ။ မုဆိုးကို စိုင်သင် ဆိုတာမျိုးလို အလုပ်က လူကို သင် ပေးတယ်ကွဲ့။ အလုပ် လုပ်နေတဲ့ လူဟာ နည်းလမ်းတွေ ရလာ တယ်။ ဝါသနာတူတွေနဲ့ စကားစပ်မိရင် အသိပညာ တိုးပွား လာတယ်။ ဒီတော့ ကျွမ်းကျင်လာတယ်။ ကျွမ်းကျင်လာပြီ ဆိုရင် အောင်မြင်တဲ့ လုပ်ငန်းတစ်ခု ဖြစ်မြောက်လာတာပေါ့ သားငယ်။

ပန်းပင်ကလေး တစ်ပင် စိုက်ပြီး ပညာတွေ ရ၊ ကျွမ်းကျင် လာတဲ့ လူတွေဟာ ပန်းခင်းတစ်ခင်းကို စိုက်မယ် ဆိုရင် မလုပ် တတ်စရာ မရှိပါဘူးလေ။

ဒီတော့ သားငယ် သိထားသင့်တာက အလုပ် လုပ်တတ်တဲ့ ခလေ့ဝါသနာက နည်းလမ်းကို သင်ပေးလာတယ်။ အချိန်ကို ချွေတာတတ်လာတယ်။ ဒီတော့ အချိန်ကို ကြိုပြီး အကွက်ချ ရတာ ဆိုတော့ ဆင်ခြင်ဉာဏ် ရင့်သန်လာတယ်။ အဲဒီလို ဘဝ


mgyoe.com

mgyoe.com


ကို အသုံးဝင်တဲ့ အလုပ်ကလေးတွေနဲ့ ဖြည့်ဆည်းပေးတယ် ဆိုတော့ မိနစ်တိုင်းဟာ အကျိုးရှိတဲ့အပြင် အလုပ်နားလို့ အားချိန်ဆိုရင်လည်း အဲဒီ အားချိန်ကို အားရပါးရ ပျော်ပျော်ပါးပါးကြီး ခံစားနိုင်တယ်။

ပျင်းရိပြီး ဘာအလုပ်မှ မလုပ်တဲ့လူတွေမှာ အားချိန်တွေ အများကြီး ရှိပေမဲ့ အဲဒီအချိန်တွေကို သူဟာ အရသာ မခံစားနိုင်ပါဘူး။ ဒီတော့ သူ့အတွက် အချိန့်တွေဟာ ဘာအလုပ်မှလည်း မဖြစ်၊ အရသာလည်း မရှိတဲ့ အချိန်ကာလတွေ ဖြစ်လာရတယ်။ အဲဒီတင် ဝါသနာဆိုး၊ စရိုက်ဆိုးတွေနဲ့ အလုပ်ကို အစားထိုးလာတော့ လမ်းလွဲ ရောက်တယ်။ စာရိတ္တ ပျက်တယ်။ ဘဝကို အညွန့်တုံးစေတယ်။

အိမ်ရှင်မ တစ်ယောက်ရဲ့ အလုပ်ကိုပဲ ကြည့်ပါဦး သားငယ်။ အိမ်ရှင်မမှာ သူ့အိမ်က ကိစ္စကြီးငယ် မှန်သရွေ့ကို နည်းလမ်းတကျ ဖြစ်အောင် ဆောင်ရွက်ရတယ်။ ထိန်းကွပ် ကြီးကြပ်ရတယ်။ ဝင်ငွေနဲ့ ထွက်ငွေ မျှတအောင် စီစဉ်ဖန်တီးရတယ်။ ဒီတော့ အရာရာကို ကြိုတင် စီမံရတယ်။ စနစ်ထားရှိနေရတယ်။ သူဟာ သူ့နည်း သူ့ဟန်နဲ့ အိမ်ကို စီမံအုပ်ချုပ်နေရတယ်။

ဒါကြောင့် ထက်မြက်တဲ့ အိမ်တွင်း စီမံအုပ်ချုပ်မှု ဆိုတာမှာ ကြိုးစားအားထုတ်မှု၊ စိတ်ကူးဉာဏ် သုံးရမှု၊ စည်းကမ်း နည်းလမ်း ရှိရမှု၊ သိက္ခာရှိမှု၊ ကြိုတင်တွေးတောမှု၊ လက်တွေ့ လုပ်ဆောင်နိုင်မှု ဆိုတဲ့ စွမ်းရည်တွေ အားလုံး ပါဝင်နေတယ်။


mgyoe.com

mgyoe.com



ဒါကြောင့် အောင်မြင်တဲ့ အိမ်ရှင်မတစ်ယောက်ဟာ အောင်မြင်တဲ့ စီမံအုပ်ချုပ်သူ တစ်ယောက်ပါပဲ။

ကျွမ်းကျင် ထက်မြက်မှု ဆိုတာ အိမ်တွင်းမှုတွေ ဆောင်ရွက်ရာမှာကော၊ ပညာ သင်ယူရာမှာကော၊ ဝန်ထမ်းအဖြစ် ရုံးလုပ်ငန်းတွေ လုပ်ရာမှာကော၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းတွေ လုပ်ရာမှာကော၊ အသိပညာ အတတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းတွေ လုပ်ရာမှာကော ဘယ်နေရာမှာ မဆို လိုအပ်တာချည်းပဲ။ ကျွမ်းကျင် ထက်မြက်မှုကို ရနိုင်ဖို့က အလုပ်လုပ်နေမှ ရတယ် သားငယ်။ ကျွမ်းကျင်ထက်မြက်မှု ဆိုတာ စွမ်းရည်ကိစ္စပါ။ ဒါကြောင့် အလုပ်ကို စိတ်ပါလက်ပါ မှန်မှန်လေး လုပ်ပေးနေရင် ရရှိလာမယ့် အရာပါ။

အလုပ် လုပ်နေရင် ရရှိလာမယ့် အကျိုးကျေးဇူးက ကျွမ်းကျင် ထက်မြက်မှု တစ်ခုတည်းလား ဆိုတော့ မဟုတ်သေးပါဘူး သားငယ်။ လုံ့လဝီရိယ တက်လာဖို့ လေ့ကျင့်မှု ရလာမယ်။ သတိ ရှိလာမယ်။ ကိုယ်ကျိုးကို စွန့်တတ်လာမယ်။ ဝေဖန် ပိုင်းခြားတတ်လာမယ်။ လုပ်ကိုင်နည်း ပရိယာယ် ကြွယ်လာမယ်။ အသိပညာ တိုးလာမယ်။ တခြားသူတွေနဲ့ ဆက်ဆံတတ်လာမယ်။ ကဲ ... ဒါတွေဟာ အလုပ်က တည်ဆောက်ပေးတဲ့ စာရိတ္တကောင်းတွေပဲ မဟုတ်လား။ ဒီတော့ သားငယ်။ သားငယ်ဟာ လူကောင်း လူတော်ကလေး ဖြစ်ချင်သလား။ ရှည်ရှည်ဝေးဝေးတွေ သိပ်လုပ်နေစရာ မလိုပါဘူး။ သားငယ် ဝါသနာပါပြီး နှစ်ခြိုက်တဲ့ အလုပ်တစ်ခုကို စွဲစွဲမြဲမြဲကလေး စိတ်ရော



mgyoe.com

mgyoe.com

ကိုယ်ပါ လုပ်ကိုင်ပေးနေလိုက်ရုံပဲ။ စွမ်းရည်တွေဟာ သူ့ဘာသာသူ တက်လာမယ်။

အခုလို ရလာတဲ့ စည်းကမ်း၊ သိက္ခာဟာ ဘဝမှာ ပျော်ရွှင်မှုကိုလည်း ပေးတယ်။ အသုံးဝင်လှတဲ့ ထက်မြက်မှုကိုလည်း ပေးပါတယ်။ တစ်ခါတလေ သူ့အလုပ်ကို သူ မှန်မှန်ကလေး လုပ်နေသူဟာ စာကြီးပေကြီးတွေ ဖတ်နေသူတွေ၊ အဝိဇ္ဇာနံ ကျင့်စဉ်တွေ ဝင်နေသူတွေထက် ပိုပြီး သိက္ခာရှိတာ၊ လူ့လောကအတွက် ပိုပြီး အသုံးဝင်တာ၊ ပိုပြီး ထက်မြက်မှု ရှိတာကို အဘတွေ့နေရတယ် သားငယ်။ ဒါကြောင့် ကောင်းမွန်တဲ့ အလုပ်တစ်ခုခုကို ရိုးသားစွာနဲ့ ကြိုးစား လုပ်နေဖို့ သားငယ်ကို အဘပြောရင်း အဘရဲ့ အဖိုးတန်အမွေကို ပေးနေတာပါ။

အခု အဘ စာရေးနေတာ အသက်မွေးဝမ်းကျောင်း လုပ်နေတာ မဟုတ်ပါဘူး။ စီးပွားရေး ရည်မှန်းချက်ကြီးနဲ့လည်း လုပ်နေတာ မဟုတ်ပါဘူး။ အဘ ဝါသနာပါပြီး နှစ်ခြိုက်တဲ့ အလုပ်တစ်ခုကို လုပ်နေတာ ဖြစ်တယ်။ ဝန်ထမ်းအဖြစ်က အငြိမ်းစားယူခဲ့ပြီးနောက် စာရေးတာဟာ အဘရဲ့ ပင်တိုင်အလုပ် ဖြစ်လာတယ်။ စာဖတ်တာတောင် စာရေးတာကို ပံ့ပိုးစရာ အလုပ်လက်တက် တစ်ခုသာ ဖြစ်လာတယ်။ ပေါင်းသင်းဆက်ဆံရေးတွေတောင် ပင်တိုင်အလုပ် ဖြစ်တဲ့ စာရေးတာကို မထိခိုက်ဖြူပြီး ရစ်ဝိုင်းနေပါတယ်။ ဒီတော့ ဘာဖြစ်လာသလဲ သားငယ် သိလား။ ထမင်း ဝတာ မဝတာ အပထား၊ ချမ်းသာတာ မချမ်းသာတာ အပထား။ အဘ ပျော်ရွှင်လာတယ်။ ပျင်းစရာ အချိန်


mgyoe.com

mgyoe.com


ရယ်လို့ မရှိဘူး။ အိပ်တဲ့ အချိန်၊ စားတဲ့ အချိန်က လွဲရင် အကျိုး ရှိစရာ အချိန်တွေချည်း ဖြစ်လာတယ်။ သားငယ် ဒါဟာ အကင်းပဲ ရှိသေးတယ်။ ဗိုလ်ချုပ်ကြီး ထရောချူး ဆိုတဲ့ ပုဂ္ဂိုလ် က ပြောဖူးတယ်။ "ပန်းပဲဆရာကောင်း ဖြစ်ချင်ရင် တစ်သက် လုံး တူ ထုလာရမယ်၊ အုပ်ချုပ်သူကောင်း ဖြစ်ချင်ရင် တစ်သက် လုံး လေ့လာပြီး လက်တွေ့ ကျင့်နေရမယ်" တဲ့။ အဲဒါ တစ်သက် လုံး အလုပ် လုပ်နေရမှာကို ပြောတာပဲ သားငယ်။

အဘက အလုပ်ရဲ့ ကောင်းမွန်မှုကို ယုံကြည်သူပါ။ ဒါ ကြောင့် သားငယ်ကိုလည်း အလုပ်အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ရှည် ရှည်ဝေးဝေး ရေးနေရတာပါ။

ဒီမှာ သားငယ်၊ အမွေအဖြစ် ငွေတွေ ပုံပေးရင်လည်း သား ငယ်ဟာ ဒီတစ်ဘဝတည်းမှာတောင် ကြာရှည်သုံးရမှာ မဟုတ် ပါဘူး။ အခု အဘ ပေးနေတဲ့ အမွေဟာ သားငယ်အတွက် ဒီ တစ်ဘဝတင်သာ မကဘူး၊ သံသရာ တစ်လျှောက်လုံးတောင် စားသုံးလို့ မကုန်မယ့် အမွေပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ဝါသနာ ကလေးနဲ့ အလုပ်ကောင်းလေး တစ်ခုကို လုပ်နေမယ် ဆိုရင် ပါရမီတွေ အများအပြား ပြည့်လာစရာအကြောင်း ရှိလို့ ပဲလေ။

သားငယ် ... လူစွမ်းကောင်း ဖြစ်ချင်ရင် အလုပ်လုပ်ပါ။ လူစွမ်းကောင်း ဆိုတာ အစွမ်းများများ ရှိတဲ့သူ မဟုတ်လား။ အစွမ်း ဆိုတာကလည်း အလုပ်လုပ်သူမှာမှ ရှိတာမျိုး သားငယ် ရဲ့။ ပျင်းရိတဲ့ လူတွေဟာ အစွမ်း မရှိသူတွေပဲ။ လောကမှာ


mgyoe.com

mgyoe.com

ကြိုးစားပမ်းစားနဲ့ ဒုက္ခခံပြီး လုပ်တဲ့လူတွေမှ ကမ္ဘာကို စိုးမိုးသူ ဖြစ်နိုင်တယ်လေ။

မကြိုးစားဘဲနဲ့တော့ ဘာမှ မဖြစ်နိုင်ဘူး။ အဲ ... ကြိုးစားပြီ ဆိုရင်လည်း ဘုရားတောင် ဖြစ်နိုင်ပါတယ်။ ကြိုးစားတယ် ဆိုတာကလည်း အလုပ်ကို မပြတ်အောင် မှန်မှန်လုပ်နေတာကို ပြောတယ် ဆိုတာ အခုလောက်ဆို သားငယ် သဘောပေါက်နေပြီလို့ အဘ ထင်ပါတယ်။

ကောင်းပြီ။ အခု အဘဟာ သားငယ်ကို အလုပ်အကြောင်း တော်တော်များများကလေး ပြောပြီးခဲ့ပြီနော်။ ဒီတော့ သတိပေးစကားလေး တစ်ခွန်း၊ နှစ်ခွန်း ပြောပြီး နိဂုံးချုပ်ချင်တယ်။ အကြမ်းဖျင်းအားဖြင့် လူတွေမှာ စွမ်းရည် နှစ်မျိုး ရှိတယ်လို့ အဘ ထင်တယ်။ တစ်ခုက ဆင်ခြင်နိုင်မှု စွမ်းရည်နဲ့ နောက်တစ်ခုက လက်တွေ့ လုပ်နိုင်မှု စွမ်းရည်ပဲ။

အဲဒီစွမ်းရည် နှစ်ခုထဲက တစ်ခုကို ဖိလုပ်လိုက်ရင် ကျန်တဲ့တစ်ခု အားပျော့သွားတတ်တယ်။ ဆင်ခြင်နိုင်တဲ့ စွမ်းရည်ဟာ ပြင်းပြင်းထန်ထန် တွေးတောတဲ့ဆီက ဖြစ်ပေါ်တယ်။ လက်တွေ့လုပ်နိုင်မှု စွမ်းရည်က ပြင်းပြင်းထန်ထန် အလုပ်လုပ်မှုက ရတဲ့ စွမ်းရည်ပဲ။ အဲဒီနှစ်ခုကို မျှမျှတတ ပြုလုပ်တာ အကောင်းဆုံးပဲ။

နောက် သတိပေးချင်တာ တစ်ခုက အလုပ်ကို အလွန်အကျွံ လုပ်တာကိုတော့ ရှောင်ရမယ်။ အထူးသဖြင့် သောကနဲ့ ယှဉ်တွဲပြီး လုပ်ရရင် မကောင်းဘူး။ လူကို အလုပ်က မသတ်ဘူး။ သောကက သတ်နိုင်တယ်။ ဒါပေမဲ့ စက်ပစ္စည်းတောင်


mgyoe.com

mgyoe.com


မှ မနားမနေ လုပ်ကိုင်ရရင် ပျက်စီးချွတ်ယွင်းတတ်တာ ဓမ္မတာ ပဲ။ လူ ဆိုလည်း ဒီလိုပဲ ရှိတာပေါ့။ ဒါကြောင့် စွမ်းရည် နှစ်မျိုး ရယ်၊ အလုပ်နဲ့ နားချိန်ရယ်ကို မျှမျှတတ ရှိစေဖို့ လိုတယ် သားငယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# အလုပ်က လူတွေကို ရွေးတယ်

သားငယ်

မင်း လုပ်တဲ့ အလုပ်ကို တတ်နိုင်သလောက် အကောင်းဆုံး လုပ်မယ် ဆိုရင်၊ ဒါမှမဟုတ် မင်းရဲ့ အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ပြီ ဆိုရင် မင်းဟာ မင်းဆီမှာ ရှိတဲ့ အရည်အချင်းကောင်းကို ဆွဲထုတ်လိုက်တာပဲ ဖြစ်တယ်။ တစ်နည်း ဆိုရရင် မင်းဟာ ပိုပြီးလည်း တတ်နိုင်လာမယ်။ မင်းရဲ့ အစွမ်းဟာ ပိုပြီးလည်း ထက်မြက်လာလိမ့်မယ်။ ဒီတော့ သူများတွေထက် သာတဲ့ လူအဖြစ် အလိုလိုရောက်လာလိမ့်မယ်။ ပိုပြီး တော်တာဟာ ပိုပြီး ကောင်းတာကို ဆွဲယူတယ် ဆိုတဲ့ သဘာဝ နိယာမအတိုင်း ပိုပြီး ကြီးမြတ်တဲ့ အလုပ်တွေကို မင်း လုပ်လာရလိမ့်မယ်။ အဲဒါက မင်းဟာ ကိုယ် လုပ်တဲ့ အလုပ်ကို တတ်နိုင်သလောက် အကောင်းဆုံး ဖြစ်အောင် လုပ်နေရုံနဲ့ ရရှိမယ့် အကျိုးကျေးဇူးတွေပဲ။

အတတ်နိုင်ဆုံး အကောင်းဆုံး လုပ်ရမယ် ဆိုတာက ဘာလဲ။ လွယ်ပါတယ် သားငယ်။ ကိုယ့်အလုပ်ကို ထာဝစဉ် စိတ်ပါဝင်စားနေရမယ်။ အလုပ် မရှိလို့ အားနေတယ် ဆိုတဲ့ အချိန်



mgyoe.com

mgyoe.com

SAMPLE BOOK

မရှိရဘူး။ လောလောဆယ် အလုပ် မရှိရင် လုပ်စရာကို ရှာရမယ်။ ဒါတောင်မှ လုပ်စရာ မရှိဘူး ဆိုရင် လုပ်ငန်းနဲ့ ပတ်သက်လို့ ဘာကို လုပ်ရရင် ကောင်းမလဲ ဆိုတာကို တွေးတောရမယ်။ နည်းလမ်း ရှာရမယ်။ ဒါတောင်မှ အားနေဦးမယ် ဆိုရင် ကိုယ့်လက်အောက်လူရဲ့ အလုပ်ကို ဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက်ရဲ့ အလုပ်ကို ဖြစ်စေ ကူလုပ်ပေးရမယ်။ အဲဒါဟာ အလုပ်ချိန်အတွင်းမှာ အတတ်နိုင်ဆုံး အကောင်းဆုံး ဖြစ်အောင် လုပ်တာပဲ။ အားနေလို့ လုပ်ငန်းခွင် သန့်ရှင်းရေးလုပ်တာလည်း ပိုမိုကောင်းမွန်ဖို့ လုပ်ဆောင်တယ်လို့ ဆိုနိုင်ပါတယ် သားငယ်။

ဒီနေရာမှာ မသိမသာကလေး တည်ရှိနေတဲ့ သဘာဝနိယာမကို ပြောပြချင်တယ်။ စောစောကလည်း ရိုးတိုးရိပ်တိပ် ပြောပြီးပါပြီ။ အဲဒါ ဘာလဲ ဆိုတော့ မင်းဟာ လက်ရှိ လုပ်နေတဲ့ လုပ်ငန်းအတွက် ပိုတော်နေလို့ လက်ရှိ အလုပ်ထက် ပိုကောင်းတဲ့ အလုပ်ကို ညှို့ခေါ်နေသလို ဖြစ်တယ် ဆိုတဲ့ အချက်ပဲ။ ဒီတော့ သားငယ်က မေးမယ်။ ဒီလို ညှို့ခေါ်လို့ ပိုကောင်းတဲ့ အလုပ်က ကိုယ့်ဆီ ပြေးလာမလားလို့ မင်းက မေးမယ်ပေါ့။

အေး … အလုပ်ကတော့ ပြေးမလာဘူး။ လက်ရှိ မင်းရဲ့ အလုပ်ရှင်က မင်းကို ပိုကောင်းတဲ့ အလုပ်နေရာကို ရွှေ့ပေးမယ်ပေါ့။ ဒါမှမဟုတ် မင်းရဲ့ သင့်တော်မှုကို မြင်သွားတဲ့ တခြား အလုပ်ရှင်က မင်းကို ပင့်ဖိတ် ခေါ်ငင်သွားလိမ့်မယ်။ ဒါမှမဟုတ် မင်းရဲ့ အရည်အသွေးကို မြင်နေရတဲ့ မိတ်ဆွေ တစ်ဦး


mgyoe.com

mgyoe.com

SAMPLE BOOK

ဦးက မင်းနဲ့ ပိုပြီး သင့်တော်တဲ့ အလုပ်ဆီကို ခေါ်ဆောင်သွား လိမ့်မယ်။

ဒီမှာ သားငယ်၊ တစ်ခုခုကို စွဲစွဲမြဲမြဲ ယုံကြည်ထားစမ်းပါ။ အဲဒါက ဘာလဲ ဆိုရင် လူဆိုတာ ကိုယ်နဲ့ သင့်တော်တဲ့ နေရာကို ရောက်ရမှာပဲ။ သားငယ်ဟာ လက်ရှိ လုပ်နေတဲ့ အလုပ်က နိမ့်ကျလို့ သားငယ်နဲ့ မသင့်တော်တော့ဘူး ဆိုရင် ပိုပြီး သင့်တော် ကောင်းမွန်တဲ့ နေရာကို ရောက်ရမှာပဲ။ လက်ရှိ လုပ်နေတဲ့ အလုပ်က ကြီးမြတ်ပြီး သားငယ်က နိမ့်ကျလို့ မသင့်တော်ဘူး ဆိုရင်လည်း မင်းနဲ့ သင့်တော်တဲ့ နိမ့်ကျတဲ့ နေရာကို သွားရမှာပဲ။ လူဟာ ကိုယ့်နဲ့ မသင့်တော်တဲ့ အလုပ်ကို လုပ်နေရပြီ ဆိုရင်လည်း ခဏသာ ဖြစ်တယ်။ ကြာရှည် မဖြစ်ဘူး။ နောက်ဆုံးမှာ သင့်တော် အံဝင်တဲ့ နေရာကို ရောက်နေရမှာပဲ။ ကြွေတစ်လက် ကြက်တစ်ခုန် ကံကောင်းလို့ မတန်တဲ့ နေရာကို ရောက်နေရင်လည်း ခဏပဲ သားငယ်။ မင်းဟာ အလုပ်ကို အတတ်နိုင်ဆုံး အကောင်းဆုံး မလုပ်နိုင်ရင် ကိုယ်နဲ့ တန်ရာတန်ရာ ဖြစ်တဲ့ နိမ့်ကျတဲ့ နေရာကို ရောက်ရမှာပဲ သားငယ်။

ဒီလိုပဲ ကြိုးစားလို့ ပိုပြီးတော်လာမယ် ဆိုရင် သားငယ်ဟာ မြင့်တက်လာရမှာပဲ။ လေသွင်းထားတဲ့ ဘောလုံးကို ရေအောက်မှာ ထားရင် ထားလို့ မရဘဲ အပေါ်ကို တက်လာရစမြဲ ဖြစ်သလိုပဲ သားငယ်ဟာ တကယ်တော်လာပြီ ဆိုရင် မသင့်တော်တဲ့ အောက်ပိုင်းမှာ မနေရဘဲ သင့်တော်တဲ့ အပေါ်ပိုင်းကို တက်လာရမှာ မြေကြီးလက်ခတ် မလွဲပါဘူး။ အနေးနဲ့ အမြန်ပေါ့


mgyoe.com

mgyoe.com SAMPLE BOOK

လေ။ လူတစ်ယောက်နဲ့ တစ်ယောက်တော့ မတူပါဘူး။ ဒီတော့ ဘေးဘီကို လှော်ကြည့်မနေပါနဲ့။ ကိုယ့်အလုပ်ကိုသာ အာရုံစူးစိုက်ကြည့်ပြီး အကောင်းဆုံး ဖြစ်အောင် လုပ်ကိုင်ပါ၊ ကြံဆပါ။ အလုပ်ချိန်မှာ အအား မနေချင်ပါနဲ့။

အဲဒီ နိယာမကို စီးပွားရေးလောကမှာ 'လူဟာ သူ့အဆင့်ကို သူ ရှာဖွေ ရောက်ရှိရစမြဲပဲ'လို့ ဆိုကြတယ်။

မင်းရဲ့ တိုးတက်ရာ တိုးတက်ကြောင်း လမ်းခရီးမှာ အဆီးအတား ရှိပြီ ဆိုရင် အဲဒီ အဆီးအတားဟာ မင်းရဲ့ မသင့်တော်မှုသာ ဖြစ်ရမယ်။ ကြိုးစား လုပ်ဆောင်နေမယ် ဆိုရင် လူဟာ တိုးတက်နေရမယ်။

တိုးတက်တယ် ဆိုတာ ရှေ့ကို သွားတာပဲ။ ဒီတော့ ကိုယ့်အလုပ်နဲ့ ကိုယ် မသင့်တော်သေးဘူး ဆိုရင် ကြိုးစားခြင်းကြောင့် ရှေ့ကို တက်နေမယ်။ ဒီတော့ သင့်တော်လာမယ်။ တစ်ခါ ဆက်ပြီး ကြိုးစားလုပ်ဆောင်နေမယ် ဆိုရင် ရှေ့ကို ရောက်တော့မှာမို့ လက်ရှိ အလုပ်ထက် ပိုပြီး သင့်တော်လာမယ်။ ဒီတော့ စောစောက ပြောသလို သင့်တော်တဲ့ အလုပ်က ပေါ်လာရမှာပဲ။

သားငယ်ရဲ့ လုပ်ငန်းသဘာဝ ပိုမိုကြီးမြင့်တဲ့ နေရာတစ်ခု ပေါ်ပေါက်မလာနိုင်ဘူး ဆိုရင်လည်း သားငယ်ရဲ့ ကြိုးစားမှုကြောင့် ဝင်ငွေဟာ ပိုပြီး တိုးတက်လာရမယ်။ ဒါဟာ သဘာဝနိယာမပါပဲ သားငယ်။ ကြိုးစားတဲ့ လူဟာ မတိုးတက်ဘူးလို့ ဘယ်တော့မှ မရှိဘူး။ တိုးတက်နေသရွေ့လည်း ရှေ့ကို ရောက်


mgyoe.com

mgyoe.com

SAMPLE BOOK

နေရမှာပါ။ အဆင့်အားဖြင့် ရှေ့ကို မရောက်ရင်တောင်မှ အသိဉာဏ်အားဖြင့် ရှေ့ကို ရောက်နေပါလိမ့်မယ်။

အဲ ... ပြောချင်သေးတယ်။ အလုပ်ကို ဘယ်တော့မှ အထင်သေးတာမျိုး၊ မုန်းတီးရွံရှာတာမျိုး မဖြစ်စေနဲ့နော်။ ဒါဟာ မှားတယ်။ တို့ဟာ လောကထဲကို ရောက်လာပြီ။ ဒီတော့ အသက် ရှင်နေရမယ်။ အသက် ရှင်နေဖို့အတွက် ဆိုရင် တို့ဟာ အားထုတ် လုပ်ကိုင်ရမယ်ပေါ့။

အလုပ်လုပ်ပြီ ဆိုရင်လည်း လူဟာ ကိုယ့်တစ်ယောက်တည်း စားဖို့ အလုပ် လုပ်တယ် မရှိဘူး။ အများအတွက်လည်း လုပ်ရတာပဲ။ လယ်သမား စပါးစိုက်တာ သူတစ်ယောက်တည်း စားဖို့ မဟုတ်ဘူး။ အဲဒီလိုပဲ စာရေးတစ်ယောက် အလုပ်လုပ်တာ သူ့တာဝန်တစ်ခုတည်း ကျေဖို့ မဟုတ်ဘူး။ သူ တာဝန်ကျေလိုက်တဲ့အတွက် သူ့လုပ်ငန်းနဲ့ ကွင်းဆက်ဖြစ်နေတဲ့ အလုပ်တွေ အဆင်ပြေသွားရတယ်။

ဒါကြောင့် အလုပ်ဆိုတာ ဘယ်လို အသွင်သဏ္ဍာန်မျိုးကို ဆောင်နေသည် ဖြစ်ပါစေ၊ ဂုဏ် ရှိတာချည်းပဲ သားငယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အလုပ်မှန်သမျှ ဘယ်တော့မှ ထီးတည်း မရှိဘူး။ ကွင်းဆက်တွေ ရှိတာချည်းပဲ၊ အကျိုးဆက်တွေ ရှိတာချည်းပဲ။ ဥပမာ ပြောရရင် တံမြက်လှည်းသမား တာဝန်ကျေရင် အများရဲ့ ကျန်းမာရေးကောင်းဖို့ အထောက်အကူ ဖြစ်ရတာပဲ။


mgyoe.com

mgyoe.com

SAMPLE BOOK



သားငယ် … အလုပ်တွေကို ကွင်းဆက်လိုက်ပြီး ဆင်ခြင်တွေးတောကြည့်မယ် ဆိုရင် တို့တစ်တွေဟာ မိသားစုကြီးတစ်ခုလို ဖြစ်မနေဘူးလား။ လူသားအားလုံးဟာ မိသားစုကြီးပဲ။ ကိုယ့်တစ်ယောက်တည်း တာဝန်ကျေကျေ လုပ်ကိုင်လိုက်ရင် ကွင်းဆက်လိုက်ပြီး လူအများ ကောင်းကျိုးရတာကို သားငယ်တွေ့ရပါလိမ့်မယ်။ ကဲ … သားငယ် လုပ်တဲ့ အလုပ်ဟာ ဘယ်လောက် ဂုဏ်ရှိသလဲ။

သားငယ် လုပ်တဲ့ အလုပ်ဟာ ဖိနပ်အဟောင်းကို ချုပ်တဲ့ အလုပ်ပဲ ဖြစ်ပါစေ။ ကွင်းဆက်လိုက်ပြီး တွေးတောကြည့်ရင် လူများစွာ ချမ်းသာကောင်းမွန်ဖို့ လုပ်လိုက်တာ မဟုတ်ဘူးလား။ ဒီတော့ ဒီအလုပ်ဟာ ဂုဏ်ယူထိုက်ပါတယ်။ ရိုရိုသေသေ လေးလေးစားစား လုပ်ထိုက်တဲ့ အလုပ်ပါ။ ဆက်စပ်တွေးလိုက်ရင် လူအများ အဆင်ပြေ ချောမောသွားမယ့် ကိစ္စပေပဲကိုး။

ကဲ … ဒီတော့ လယ်ကိုပဲ ထွန်ထွန်၊ ကားကိုပဲ မောင်းမောင်း၊ ကျောက်မီးသွေးပဲ တူးတူး၊ လမ်းပေါ်မှာ တံမြက်စည်းပဲလှည်းလှည်း၊ စာရင်းတွေကိုပဲ စစ်စစ်၊ ကုန်ပစ္စည်းတွေကိုပဲ ထုတ်ထုတ်၊ အိမ်မှုကိစ္စကိုပဲ လုပ်လုပ်၊ လူနာကိုပဲ ပြုစုပြုစု၊ သားသမီးတွေကိုပဲ မွေးမြူမွေးမြူ စီးပွားရေးလုပ်ငန်းကိုပဲ လုပ်လုပ်၊ အုပ်ချုပ်ရေးတာဝန်ကိုပဲ ထမ်းထမ်း အလုပ်ပေါင်း သောင်းခြောက်ထောင် ဘာကိုပဲ လုပ်လုပ် အလုပ်တိုင်းမှာ ညီမျှတဲ့ ဂုဏ်ကျက်သရေ ရှိပါတယ် သားငယ်။



mgyoe.com

mgyoe.com 

ကွင်းဆက် လိုက်ပြီးသာ တွေးကြည့်ရင် သားငယ်ဟာ လူအများ အဆင်ပြေ ချောမောဖို့ လုပ်ကိုင်နေတာ ဖြစ်လို့မို့ ကြီးမြတ်ပါတယ်။ ဂုဏ်ရှိပါတယ် သားငယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# အလုပ်ဖြင့် ပေးဆပ်ခြင်း

သားငယ်

ဒီတစ်ခါတော့ အလုပ်အကြောင်း ပြောချင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လူတိုင်းဟာ အလုပ် လုပ်နေရလို့ပဲ။ ဒါဆိုရင် အဘ ပြောချင်တဲ့ အလုပ် ဆိုတာဟာ အသက်မွေး ဝမ်းကျောင်း အလုပ်ကိုသာ ပြောတာ မဟုတ်ဘူး ဆိုတာကို သားငယ် ရိပ်မိလောက်ပြီပေါ့နော်။

အသက်မွေးဝမ်းကျောင်း အလုပ်ဟာ ဝန်ထမ်း ဆိုရင် အငြိမ်းစား ယူပြီးရင် လုပ်ဖို့ မလိုတော့ပါဘူး။ ဒါပေမဲ့ အဘ အခု ပြောချင်တဲ့ အလုပ်ကတော့ အငြိမ်းစား ယူပြီးရင်လည်း လုပ်ရမှာပဲ။

ကျောင်းသားဟာ ကျောင်းသား အလုပ်ကို လုပ်ရတာပဲ။ ဝန်ထမ်းဟာလည်း သူ့အလုပ်ကို လုပ်ရတာပဲ။ ကုန်သည် ဈေးသည်ဟာလည်း အလုပ်ကို လုပ်ရတာပဲ။ အိမ်ရှင်မလည်း အိမ်ရှင်မ အလုပ်ကို လုပ်ရတာပဲ။ ရဟန်းသံဃာများဟာလည်း ပရိယတ္တိ၊ ပဋိပတ္တိ အလုပ်ကို လုပ်ရတာပဲ။



mgyoe.com

mgyoe.com


ကဲ … ထားပါတော့လေ။ အလုပ်နဲ့ ပတ်သက်ပြီး ကမ္ဘာ့ပညာရှင်တွေရဲ့ အယူအဆတွေကို အဘရဲ့ အတွေ့အကြုံ၊ အယူအဆနဲ့ ရောစွက်ပြီး သားငယ်ကို ပြောပြချင်ပါတယ်။

ကိုယ်ကျင့်သိက္ခာပိုင်းကို ကြည့်ရင် အလုပ်လောက် သိက္ခာကို ထိန်းပေးတဲ့အရာ မရှိတော့ဘူးလို့တောင် ပညာရှင်တွေက ဆိုမိန့်ကြတယ်။ လိုက်နာရမယ့် စည်းကမ်းတွေကို လိုက်နာဖြစ်တယ်။ မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်တယ်။ သတိဝီရိယ ကောင်းလာတယ်။ ဇွဲရှိလာတယ်။ ဒါတင်မကဘူး။ အလုပ်က လူကို ကျွမ်းကျင်မှုကို ပေးတယ်။ ဒီလို ပေးရာမှာ လူဟာ အလုပ်မှာတင် ကျွမ်းကျင်လာတာ မဟုတ်ဘူး။ ဘဝရဲ့ သာမန်ဝတ္တရားတွေကို ဆောင်ရွက်ရာမှာပါ ကျွမ်းကျင်လာတယ်။ ဒါကြောင့် အလုပ်ကို မပြတ်တဲ့ လူနဲ့ အလုပ် မလုပ် ပျင်းရိနေသူဟာ သာမန်ကိစ္စမှာတောင် ကိုင်တွယ်ပုံ ကွာခြားလာတာကို တွေ့ရပါတယ်လေ။

အပေါ်ယံ ကြည့်လိုက်ရင် အလုပ် ဆိုတာ ဝန်ထုပ်ဝန်ပိုး ကြီးလို့ ထင်မြင်စရာ ရှိတယ်။ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်ရင် အလုပ်ဟာ ဂုဏ်သရေလည်း ဖြစ်ပါတယ်။ အလုပ်ဆိုတာ မရှိရင် လုပ်ဆောင်ပြီးမြောက် အောင်မြင်မှု ဆိုတာလည်း ရှိမှာမှ မဟုတ်တာ။

သမိုင်းတစ်လျှောက် ထူးချွန်တဲ့ လူတွေဟာ သူတို့ လုပ်တဲ့ အလုပ်တွေကြောင့်သာ ဖြစ်တယ်။ ပျင်းရိပြီး ဘာမှ မလုပ်တဲ့လူ ထူးချွန်လာတယ်လို့ သားငယ် တွေ့ရမှာ မဟုတ်ပါဘူး။ ကမ္ဘာ့


mgyoe.com

mgyoe.com

SAMPLE BOOK

သမိုင်းမှာ တွေ့ရတဲ့ ခမ်းနားထည်ဝါလှတဲ့ ယဉ်ကျေးမှုကြီးတွေဟာ အလုပ်လုပ်တဲ့ လူတွေကြောင့် ဖြစ်ပေါ်လာတာပါ သားငယ်။ အလုပ်သာ မရှိဘူး ဆိုရင် လူရဲ့ သိက္ခာဟာ ကျဆုံးသွားရပြီပဲ။

လူသားတွေကို ကျိန်စာသင့်စေတာဟာ အလုပ်က သင့်စေတာ မဟုတ်ဘူး။ ပျင်းရိခြင်းကသာ ကျိန်စာသင့်စေတာ ဖြစ်တယ်။ ပျင်းရိတဲ့ လူသာလျှင် ပျက်စီးဆုံးရှုံးရတာ မဟုတ်ဘူး။ ပျင်းရိတဲ့ လူမျိုးတွေလည်း သမိုင်းမှာ မှေးမှိန်ပျောက်ကွယ်ရတယ်။

ဒီတော့ သားငယ်။ အလုပ်လုပ်ရမှာ မကြောက်ပါနဲ့။ လုပ်စရာ အလုပ် မရှိမှာကိုသာ ကြောက်ပါ။ သားငယ်ရဲ့ နိုးကြားနေတဲ့ အချိန်တွေရဲ့ တစ်ဝက်လောက်ကို အလုပ်လုပ်ခြင်းနဲ့ ပြည့်နေစေသင့်ပါတယ်။

ရှေးခေတ် ရောမနိုင်ငံကို သုံးသပ်တဲ့အခါမှာ ပညာရှင်တွေ တွေ့မြင်မိကြတာက ရိုမန်တွေ အလုပ်လုပ်ခဲ့ကြလို့ ရောမအင်ပါယာကြီးဟာ ပေါ်ထွန်းလာတယ်။ ဒီတင် ရိုမန်တွေဟာ ကျေးကျွန်တွေကို ခိုင်းစေလာခဲ့ကြတယ်။ ဒီလို ခိုင်းစေလာခဲ့ကြတော့ ရိုမန်တွေအမြင်ဟာ ပြောင်းလဲလာခဲ့တယ်။ အလုပ်ဆိုတာ ကျေးကျွန်တွေက လုပ်ရမယ့်အရာသာ ဖြစ်တယ်။ သူများကို ခိုင်းပြီး ကိုယ်ကိုယ်တိုင်က ဘာမှ မလုပ်တဲ့ သူတို့သည်သာလျှင် ကြီးမြတ်သူ အရှင်သခင်တွေ ဖြစ်တယ်လို့ ရှုမြင်လာကြတယ်။


mgyoe.com

mgyoe.com


ဒီတော့ ဘာဖြစ်လာသလဲ။ အလုပ် လုပ်ရတဲ့လူက ကျေးကျွန် ဆိုတော့ အလုပ်ဟာ နိမ့်ကျတဲ့အရာလို့ မြင်လာကြတယ်။ အလုပ် လုပ်ရတာဟာ ဂုဏ် မရှိဘူး၊ ဘာမှ မလုပ်ဘဲ ထိုင်စားနေတဲ့ လူဟာ ဂုဏ်ရှိသလို ဖြစ်လာတယ်။ အဲဒီတော့ တစ်ချိန်မှာ ရောမအင်ပါယာကြီး ပြိုကွဲပျက်သုဉ်းသွားရတာ ဘာဆန်းသလဲ သားငယ်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘယ်အရေးမှာ ကြည့်ကြည့် အလုပ် လုပ်တဲ့ လူကသာလျှင် ကောင်းကျိုး ဖြစ်ထွန်းပါတယ်။ ဒါကြောင့် အလုပ် လုပ်ခြင်းဟာ မိမိ ကိုယ်တစ်ကိုယ်တည်းသာလျှင် ကောင်းကျိုးဖြစ်ထွန်းတာ မဟုတ်ဘဲ နိုင်ငံအတွက်၊ လူမျိုးအတွက်လည်း ကောင်းကျိုး ဖြစ်ထွန်းတယ် ဆိုတာ ဆင့်ပွားပြီး တွေးတောဆင်ခြင်မယ် ဆိုရင် ထင်ရှားလာပါတယ် သားငယ်။

'ပျင်းတယ် ဆိုတာ နာမည်သာ ဆိုးတယ် လူတော့ သက်သာသား' ဆိုတဲ့ အယူအဆဟာ တစ်ခါတလေ ဝင်လာတတ်တယ်။ ဥပမာပဲ ကြည့်လေ။ မိသားစုထဲမှာ တစ်ဦးတစ်ယောက်ဟာ နှစ်ယောက်စာ၊ သုံးယောက်စာ လုပ်လိုက်ရင် တခြားတစ်ယောက်၊ နှစ်ယောက်ဟာ အချောင်ခိုနေလို့ ရတတ်တယ်။ ဒီတော့ အချောင်ခိုတဲ့ လူဟာ အလုပ် မလုပ်ဘဲ ကောင်းကျိုးကို ခံစားနိုင်သလို ဖြစ်တယ်။

ပျင်းရိခြင်းဟာ အရသာက စတင် ပေါ်လာတာပဲ။ ပျင်းရိနေသည့်တိုင်အောင်လည်း အလုံးအရပ်က မလျော့ဘဲကိုး။


mgyoe.com

mgyoe.com


သူများနဲ့ တန်းတူ ရပ်တူပဲ ကောင်းကျိုးကို မျှဝေခံစားနိုင်တာကိုး။

ဒါပေမဲ့ ဒီလို အဖြစ်ဟာ ကြာရှည် မခံပါဘူး။ ခဏတစ်ဖြုတ်သာလျှင် ဖြစ်နိုင်တယ်။ ဒါပေမဲ့ ပျင်းရိခြင်းကတော့ အကျင့်စရိုက် ဖြစ်သွားပြီမို့ ကြာရှည်ခံသွားပြီလေ။

ဒီတော့ အချောင်ခိုသမားဟာ ပျင်းရိတဲ့ စရိုက်ကို မစွန့်နိုင်တော့ဘူး။ ဒါပေမဲ့ ဘဝ ဆိုတာက မျက်နှာ မရွေး၊ လူမျိုးမရွေးပါဘူး။ ဘယ်သူ့အတွက်မှ ပန်းခင်းလမ်း မဖြစ်ပါဘူး။ ဘဝဟာ အခက်အခဲတွေ၊ ပြဿနာတွေကိုတော့ ပေးသွင်းလာမှာပဲ။

ဒီတော့ ပျင်းရိတဲ့ လူဟာ တောင်ကုန်းကို မတက်ချင်ဘူး၊ ကွေ့ရှောင်ချင်တယ်။ ဒါပေမဲ့ ဘဝရဲ့ အခက်အခဲနဲ့ ပြဿနာဆိုတာမျိုးကတော့ ကွေ့ရှောင်လို့ မရဘူး။ ကျော်လွှားနိုင်ရင်ကျော်လွှား၊ မကျော်လွှားနိုင်ရင် အရှုံးပေးရမှာပဲ။ ဒါကြောင့်ပျင်းရိသူတွေဟာ ဘယ်တော့မှ မထွန်းတောက်ပါဘူး၊ ဘယ်တော့မှ အောင်မြင်သူ မဖြစ်ပါဘူး။

အဲဒီတော့ ရှုထောင့်တစ်မျိုးက ကြည့်ရင် အလုပ် ဆိုတာဝန်ထုပ် မဟုတ်ဘဲ စင်စစ်မှာ ပျင်းရိခြင်း ဆိုတာသာ ဝန်ထုပ်ဖြစ်တယ် ဆိုတာ မြင်တတ်လာပါလိမ့်မယ်။ လူပေါ်မှာ ပျင်းရိခြင်း ဆိုတဲ့ ဝန်ထုပ်ကြီး ပိလာပြီ ဆိုရင် ဘဝရဲ့ ပြဿနာအမျိုးမျိုး၊ အခက်အခဲ အထွေထွေ ဆိုတဲ့ တောင်ကမူတွေကိုမကျော်လွှားနိုင်တော့ဘူးပေါ့။


mgyoe.com

mgyoe.com



သားငယ် … စရိုက်ဆိုးတွေထဲမှာ ပျင်းရိခြင်း ဆိုတာ တစ်မျိုး အပါအဝင်ဖြစ်ပြီး ကြောက်စရာကောင်းတယ် ဆိုတာ သဘောပေါက်လောက်ပါပြီနော်။ ဒါကြောင့် အလုပ်ကို ချစ်စမ်းပါ သားငယ်။ အလုပ်တစ်ခုခုကိုတော့ လိုလိုလားလား စိတ်ထက်သန်စွာ လုပ်နေစမ်းပါ။ အလုပ် လုပ်တာ ဘဝမှာ ဘယ်တော့မှ အလဟဿ မဖြစ်ပါဘူး။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးက အစ အရေးအမျိုးမျိုးတွေမှာ ကောင်းကျိုး ဖြစ်ထွန်းပါတယ် သားငယ်။

ရုပ်ခန္ဓာ ပျင်းရိပြီး အလုပ် မလုပ်ခြင်းထက် စိတ်က ပျင်းရိပြီး အလုပ်မလုပ်ခြင်းက ပိုဆိုးပါတယ်။ ဒါမျိုးဟာ သားငယ်တို့ လူငယ်တွေမှာ အဖြစ်နည်းပါတယ်။ လူလတ်ပိုင်းလောက်က စပြီး ဖြစ်တတ်တယ်။ ကျောင်းကထွက်ခဲ့ပြီ ဆိုတော့ သင်တန်း မတက်ချင်တော့ဘူး။ သင်တန်းနဲ့ ဝေးတော့ ပညာဆည်းပူးမှုကို စွန့်လွှတ်ချင်လာတယ်။

ပညာကို မဆည်းပူးဘူး ဆိုရင် ဉာဏ်ကို သုံးပြီး တွေးခေါ်တဲ့ ကိစ္စကို မလုပ်ချင်တော့ဘူး။ ဘဝမှာ ကြုံတွေ့လာတာကိုပဲ မျှောလိုက်ချင်လာတယ်။ အဲဒါဟာ စိတ်ပိုင်းမှာ ပျင်းရိတဲ့ အတွက် စွဲကပ်လာတာ ဖြစ်တယ်။

သားငယ် … အဲဒါကြောင့် အဘက သားငယ်ကို မကြာခဏ ပြောတာပေါ့။ ရုပ်ကို အလုပ်ပေးပြီး ခိုင်းထားဖို့ လိုအပ်သလိုပဲ စိတ်ကိုလည်း အလုပ်ပေးပြီး ခိုင်းထားဖို့ သိပ် လိုအပ်ပါတယ်။ ဘာအလုပ်မှ မလုပ်ဘဲ အချိန်ကို အလဟဿ လက်



mgyoe.com

mgyoe.com



လွှတ်ပစ်လိုက်ရတာလောက် ဘဝမှာ အန္တရာယ်ကြီးတာ မရှိတော့ဘူး သားငယ်။

ဒီတော့ သားငယ်၊ အလုပ် ဆိုတာဟာ လူသားအတွက် ကောင်းကျိုးကိုသာ ပေးဆပ်တဲ့အရာ ဖြစ်လို့ အလုပ်ကို ချစ်တတ်စမ်းပါ။ သားငယ် အားနေပြီ ဆိုရင် အလုပ်တစ်ခုခု ရှာလုပ်စမ်းပါ။ 'အလုပ် မရှိ ပဲသွန်ရွေး' ဆိုတဲ့ စကားပုံ ရှိတယ် မဟုတ်လား။



mgyoe.com

mgyoe.com SAMPLE BOOK

# ခြေတစ်လှမ်းချင်းဖြင့် ပန်းတိုင်ရောက်တယ်

သားငယ်

အရင်အပတ်က အဘ ပြောခဲ့တာကို ပြန်ဆက်ချင်သေးတယ်။ ပြောသင့်တာ မပြောလိုက်ရဘဲ ကျန်သွားမှာစိုးလို့လေ။ မလျှော့ဘဲ ဆက်လုပ်ရပေမဲ့ မှားယွင်းတာကိုတော့ မလုပ်ရဘူးနော်။ မှားယွင်းနေပြီ ဆိုတာကို မင်းရဲ့ ဆင်ခြင်တုံဉာဏ်နဲ့ ဇာတိစိတ်က ပြောပြပါလိမ့်မယ်။

ဒီစိတ်တွေအနက် ဇာတိစိတ်ဟာ တိရစ္ဆာန်များမှာ ရှိတယ်။ ရှိရုံမကဘူး၊ သူတို့ဟာ သူတို့ရဲ့ လုပ်ကိုင်ပုံကို ဇာတိစိတ်အားကိုးနဲ့ပဲ ဆုံးဖြတ်လုပ်ကိုင်ကြတယ်။ ဇာတိစိတ်ဟာ မှားယွင်းနေရင် မှားယွင်းကြောင်း သိတာပဲ။ တစ်ခါက အဘ မွေးထားတဲ့ ခွေးအကြီးဟာ အငယ်ကို ကျွေးထားတဲ့ အစာကို ဝင်လုစားတယ်။ ဒီလို စားရာမှာ ခွေးအငယ်ကို ပါးစပ်နဲ့ ဟပ်ပြီး မာန်မဲလွှတ်တယ်။ အဘက အော်လိုက်တော့ ခွေးအကြီးဟာ အဘကို မော့ကြည့်ပြီး နားရွက်ကို ဖော်၊ အမြီးကို နန့်ပြတယ်။ ဒါဟာ သူ မှားယွင်းတဲ့ အပြုအမူကို ပြုမူမိလို့ မျက်နှာချိုသွေးပြီး တောင်းပန်တဲ့ သဘောပဲ။ သူ့ဇာတိစိတ်က သူ မှားယွင်းနေ



mgyoe.com

mgyoe.com SAMPLE BOOK

ကြောင်းကို ပြောပြပါတယ်။ အဲ ... တိရစ္ဆာန်မှာ မရှိတာ ဆင်ခြင်ဉာဏ်ပဲ။

လူမှာတော့ ဇာတိစိတ်ရော ဆင်ခြင်ဉာဏ်ရော နှစ်ခုစလုံး ရှိပါတယ်။ သားငယ်ရဲ့ ကိုယ်တွင်းမှာ အမှားအယွင်းကို မလုပ်မိအောင် အသိပေးတဲ့ အဲဒီ လမ်းညွှန်ကြီး နှစ်ယောက် ရှိပါတယ်။

ဒါပေမဲ့ လူ ဆိုတာ အခက်သားကလား သားငယ်။ အဲဒီ လမ်းညွှန် လမ်းပြကြီးတွေက မှားနေပါတယ်လို့ ထောက်ပြ ကန့်ကွက်နေပေမဲ့ အဂတိလိုက်စားပြီး ဇွတ်လုပ်တတ်ကြတယ်။ အဲဒီ လူမျိုးဟာ အသက်ကြီးလာတော့မှ နောင်တရတတ်ကြတယ်။ ဒါပေမဲ့ ဒီအချိန်ကျရင်တော့ ကိုယ် ကျူးလွန်ခဲ့တဲ့ အမှားရဲ့ ဒဏ်ခတ်ခြင်းကို ကိုယ် ပြန်ခံနေရပြီလေ။

ဒီတော့ သားငယ်ဟာ အဲဒီ ဇာတိစိတ်နဲ့ ဆင်ခြင်ဉာဏ် ဆိုတဲ့ လမ်းညွှန် လမ်းပြကြီး နှစ်ယောက်ရဲ့ ကိုယ်တွင်းက အသံကို အလေးပေး နားထောင်ပြီး လိုက်နာ လုပ်ကိုင်မယ် ဆိုရင် (ဝါ) 'မတော်ပါဘူးလေ' ဆိုတဲ့ အသိကလေး ဝင်လာရုံ အချိန်ခဏ ပေးပြီး နားစွင့်လိုက်နာမယ် ဆိုရင် အမှားကို ကျူးလွန်ပြီး မင်းရဲ့ အင်အားကို လမ်းလွဲကို ပို့မိမယ့် အရေးက ကင်းဝေးသွားမှာပါ။

လုပ်ကြည့်ပါ သားငယ်။ အမျက်ဒေါသ ထွက်နေချိန်မှာတောင် စိတ်ကို ခဏလောက် အနားပေးပြီး ဆင်ခြင်ဉာဏ်ရဲ့ အသံကို နားထောင်ကြည့်တတ်တဲ့ အကျင့်ကလေးကို လုပ်ပေး


mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်စမ်း။ ဒေါသနဲ့ အမှားကျူးလွန်မိတာမျိုးကို တားဆီးနိုင်တာ မုချ တွေ့ရပါလိမ့်မယ်။ လုပ်ကြည့်ပါ သားငယ်။

အဲ ... ဒါပေမဲ့ တကယ်လို့များ မင်းဟာ အမှား ကျူးလွန်မိသွားပြီ ဆိုပါတော့၊ ဖြောင့်ဖြောင့်မတ်မတ်ပဲ မိမိကိုယ်မိမိ အမှား ဝန်ခံပြီး ပြုပြင်ပြောင်းလဲပစ်ရမယ်။ မင်းရဲ့ ဆင်ခြင်တုံတရားက မှန်တယ်လို့ ယူဆတဲ့ဘက်ဆီကို ဦးတည် လှုပ်ရှားရမယ်။ ပြီးတော့ အတိတ်က ကျရှုံး ချွတ်ယွင်းခဲ့တာတွေနဲ့ ရင်နာစရာ စိတ်ပျက်ရတာတွေကို မေ့ပစ်ပြီး ဆက်လက် လှုပ်ရှားသွားရမှာ ဖြစ်တယ်။ ကိုယ့်ရည်ရွယ် ဦးတည်ချက်ကို ပိုမိုကြီးမားတဲ့ ချစ်ခင်မှု၊ မြတ်နိုးမှု၊ ယုံကြည်မှုတွေ ပြည့်နေတဲ့ အာရုံကို စူးစိုက်ရင်းပေါ့လေ။

ဘယ်လို အခြေအနေမှာပဲ ဖြစ်ဖြစ် သားငယ်ဟာ အရာဝတ္ထုတွေ၊ အခြေအနေတွေ၊ အဖြစ်အပျက်တွေ ပိုမိုကြီးမားနေရမယ်။ တကယ်တမ်း မကြီးမားသည့်တိုင်အောင် စွမ်းဆောင်နိုင်တဲ့ အင်အားနဲ့ ပိုမို ကြီးမားရမယ်လေ။ ဒါကြောင့် မင်းဟာ ဘာကို လိုချင်တယ် ဆိုတာ သိရမယ်။ တိကျတဲ့ ရည်ရွယ်ချက်နဲ့ ကိုက်ညီအောင် အကြံပြုထားရမယ်။ ပြီးတော့ ငါ မုချ အောင်နိုင်ရမယ်လို့ စိတ်တုံးတုံးချထားလိုက်ပါ။ စိတ်ကို ကြံ့ကြံ့ခိုင်ခိုင်ထားပါ။ 'ငါ တတ်နိုင်တယ်' ဆိုတဲ့ စိတ်ဓာတ်ကို မွေးလိုက်ပါ။ 'ငါ အရှုံးမပေးဘူး' ဆိုတဲ့ သဘောထား ဖြစ်အောင် ပြောင်းပစ်လိုက်စမ်းပါ။


mgyoe.com

mgyoe.com
SAMPLE BOOK

ဒါဆိုရင် မင်းဟာ အောင်မြင်ဖို့ သေချာသွားပါပြီ။ မင်းမှာ စိတ်ဓာတ်ကလည်း နိုးကြားလာပြီ။ မြဲမြံတဲ့ ရည်ရွယ်ချက်လည်း ရှိလာပြီ။ မင်းမှာ မှန်ကန်တဲ့ ရည်ရွယ်ချက်၊ အကန့်အသတ် မရှိတဲ့ ဖြစ်နိုင်ခြေတွေ၊ မင်းဘဝရဲ့ ကြီးမားတဲ့ စွမ်းအင်တွေ ရလာပြီ ဖြစ်တယ်။

အမှန်ကတော့ မင်းရဲ့ လုပ်ငန်းက ဘာပဲဖြစ်နေနေ မင်းဟာ အခက်အခဲတွေ၊ အတားအဆီးတွေ၊ အခုအခံတွေကို သာမက ကိုယ် ကျူးလွန်တာ ဖြစ်ဖြစ်၊ သူတစ်ပါး ကျူးလွန်တာ ဖြစ်ဖြစ် ကျူးလွန်ပြီးတဲ့ အမှားတွေနဲ့ မုချ တွေ့ရမှာပဲ။

ဒါပေမဲ့ ဒါတွေ အားလုံးကို ကျော်လွှားနိုင်လာလိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မင်းဟာ အရှုံးမပေးတဲ့ စိတ်ဓာတ် ရှိတယ်။ အကောင်းဆုံးကို ရောက်ရှိရခြင်းကို နှစ်သက်နေတယ်။ အဲဒါတွေကြောင့်ပဲ သားငယ်။

ခေတ်ပေါ် သိပ္ပံပညာက လူမှာ သူ လုပ်မယ်လို့ ယတိပြတ် ဆုံးဖြတ်ထားတာကို လုပ်နိုင်ဖို့ လုံလောက်တဲ့ စွမ်းအား ရှိတယ်လို့ ဆိုတယ်။ မဆုတ်မနစ်တဲ့ စိတ်ဓာတ်နဲ့ တောင့်တခြင်းဟာ ဒီစွမ်းအားကို ထောက်ပံ့ပေးတယ်လေ။

ဒါကြောင့် သားငယ် ... ရှေ့ကိုသာ လှမ်းတော့။ အမှားတွေ ကြုံတွေ့ရမှာကို ဂရုစိုက်မနေနဲ့။ မြင့်မြင့်ကြံပါ။ ကောင်းတာကို ကြံပါ။

ကြုံတွေ့ရမယ့် အမှားတွေဟာ လက်ချိုးရေလို့ ရအောင် နည်းပါးသွားလိမ့်မယ်။


mgyoe.com

mgyoe.com


မင်းကိုယ်ပိုင် ဖြစ်တဲ့ ဘောင်ဝန်းမဲ့ စွမ်းအားကို ထိတွေ့သွားတယ် ဆိုရင်ပဲ မင်းဟာ ရှေ့ကို ဦးတည်မိသွားပြီ။ တစ်ဆင့်တစ်ဆင့် ပိုပြီး ကြိုးစားသွားချင်လာမယ်။ ပိုပြီး လုပ်ဆောင်အောင်မြင်လာမယ်။

ဒီလို ဖြစ်လာတယ် ဆိုရင်ပဲ အတွေ့အကြုံတွေကို ရလာမယ်။ အဲဒီ အတွေ့အကြုံတွေကနေ အသိတရားတွေ ရမယ်။ အဲဒီ အသိတရားတွေက မင်းကို အောင်မြင်မှု ရအောင် အစွမ်းသတ္တိတွေ ပေးလိမ့်မယ်။

ဘဝကို ပြောင်းလက်စေတာဟာ အတွေ့အကြုံပဲ သားငယ်။ အတွေ့အကြုံများတဲ့ ဘဝဟာ အဖိုးတန်တဲ့ ဘဝပဲ။ ပြီးတော့ အတွေ့အကြုံ ဆိုတာကလည်း ရရှိဖို့ သီးသန့် ကြိုးစားရတာ မဟုတ်ဘူး။ ကိုယ် ရည်ရွယ်ထားတဲ့ အလုပ်၊ ကိုယ်တာဝန်ယူထားတဲ့ အလုပ်ကို မဆုတ်မနစ်ဘဲ အာရုံရှိရှိ ကောင်းကောင်းမွန်မွန် လုပ်ကိုင်တယ် ဆိုရင်ပဲ သူ့ဘာသာသူ ရရှိလာတာပဲ သားငယ်။

ရှင်းရှင်းပြောရရင် ကိုယ့်အလုပ် ကိုယ် လုပ်ရင်း အတွေ့အကြုံ ဆိုတဲ့ အဖိုးတန် ကျောက်မျက်ကို တွေ့ရှိတော့တာပဲ။ ဒါတွေကို နှလုံးသားမှာ မှတ်သား သိုလှောင်ထားလိုက်ရင် မင်းဟာ တန်ဖိုးရှိတဲ့ ရတနာပိုင်ရှင် ဖြစ်လာတော့တာပဲ။ အလိုလိုဖြစ်လာတာပါ သားငယ်။

အလုပ်ကို ရိုရိုသေသေ လုပ်တာတွေ၊ တွေ့လာတဲ့ အခက်အခဲတွေကို ကြံ့ကြံ့ခံ ကျော်လွှားတာတွေ၊ ပြဿနာတွေကို ရှောင်


mgyoe.com

mgyoe.com


မပြေးဘဲ ပြေရှင်းအောင် ဖြေရှင်းတာတွေ၊ တိုးတက်ရာ တိုးတက်ကြောင်းအတွက် လမ်းရှာတာတွေ၊ စိတ်ဓာတ်မကျဘဲ လုပ်နိုင်တာ၊ လုပ်စရာ ရှိတာတွေကို လုပ်တာတွေ၊ အဲဒါတွေ မင်းအတွက် အဖိုးတန် အတွေ့အကြုံဘဏ္ဍာတိုက်ကြီးကို တည်ဆောက်ပေးတဲ့ဟာတွေပဲလေ။

ဥပမာ - မင်းရဲ့ ဆန္ဒဟာ အခုထက် ပိုမိုပြီး အောင်မြင်တဲ့ဘဝကို တည်ဆောက်ချင်တာ ဆိုပါတော့။ ဒါဆို မင်းနောက်ကို လုပ်ရမှာက မင်းရဲ့ ဘဝတစ်ခုလုံးကိုရော လက်ရှိအခြေအနေတွေကိုပါ လွှမ်းခြုံ ဆင်ခြင်ကြည့်ရမယ်။ အဲဒီလို ဆင်ခြင်ရာမှာ မင်း ဖြစ်ချင်တာတွေ၊ ဖြစ်စေချင်တာတွေ အားလုံးကို ထင်ရှားပြတ်သားတဲ့ အာရုံပုံရိပ်အဖြစ် စိတ်ထဲမှာ ပေါ်နေစေရမယ်။

အဲဒီနောက်ကျတော့ မင်း လှုပ်ရှားလုပ်ကိုင်နေတဲ့ အဆင့်တိုင်းမှာ မင်းမှာ စွဲမြဲနေတဲ့ ဆန္ဒရဲ့ စွမ်းအားကို ဖော်ထုတ်သွားရမယ်။

ဆိုလိုတာက နေ့စဉ် မပျက်မကွက် ကြိုးစားမှုတွေနဲ့ ရည်ရွယ်ချက်ပန်းတိုင်ဆီကို ဆက်လက်သွားဖို့ လုပ်ရတော့မယ်ပေါ့။

တခြား လူတွေနဲ့စာရင် မင်းရဲ့ ပထမဆုံး ကြိုးစားမှုတွေဟာ ဘယ်လောက်ပဲ အကြမ်းထည်ကြီး ဖြစ်နေပါစေ၊ ဘယ်လောက်ပဲ ညံ့ဖျင်းနေပါစေ ဂရုမစိုက်ပါနဲ့။ မဆုတ်မနစ်ဘဲ ကြိုးစားလုပ်ကိုင်နေပါ။

တကယ်တော့ မင်းထက်သာတယ် ဆိုတဲ့ တခြားလူတွေဟာလည်း မင်း အခု လုပ်နေတဲ့ အောက်ဆုံးအဆင့်က စပြီး


mgyoe.com

mgyoe.com SAMPLE BOOK


လုပ်ခဲ့ရသူတွေပါ။ သူတို့ဟာလည်း မင်း အခု လုပ်နေသလို ကြိုးစားမှု အရည်အသွေးဟာ စံမမီဘဲ ခပ်ညံ့ညံ့နဲ့ စတင်ခဲ့ရသူတွေပါ။ အဲ ... ဒါပေမဲ့ သူတို့ဟာ မလျှော့သော လုံ့လနဲ့ ဦးတည်ချက် ပန်းတိုင်ကို စိုက်လိုက်မတ်တတ် ဦးတည် ရွေ့လျားသွားတော့ ဟော ... အခု မင်း မြင်နေသလို သူတို့ဟာ အောင်မြင်သူတွေ ဖြစ်ကုန်ကြရတာပဲ။

အခုလောလောဆယ်မှာ မင်း သိထားရမှာက မင်းဟာ လက်မမြှောက်မချင်း မအောင်မမြင် မဖြစ်ဘူး ဆိုတာပဲ။ ဒီတော့ ထာဝစဉ် ကြိုးစားနေစမ်းပါ။ ကြိုးစားမှုတိုင်းဟာ အတိုင်းအတာအလျောက် ကောင်းမွန်တဲ့ ရလဒ်ကို ရစေတာချည်းပဲ။ တစ်လှမ်းစာ ကြိုးစားလုပ်ဆောင်ပြီးပြီ ဆိုရင်ပဲ မင်းဟာ တစ်လှမ်းစာ ရှေ့ကို ရောက်သွားပြီ သားငယ်။ ခြေလှမ်းတွေ ပြည့်စုံသွားပြီ ဆိုရင်လည်း မင်းဟာ အောင်မြင်ပြီပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK

# ဝါသနာနဲ့ ဝမ်းစာ

သားငယ်

သားငယ်ကို အဘ မကြာခဏ ပြောဖူးခဲ့သလိုပေါ့။ ကမ္ဘာပေါ်မှာ လူတွေ ဒါလောက်များတာ လက်မဗွေချင်း ထပ်တူညီမျှ တူနေတဲ့ လူရယ်လို့ မရှိဘူးတဲ့။ ဒါကြောင့် ပညာရှင်တွေက ပြောကြတယ်။ လူ ဆိုတာ ထပ်တူညီမျှ တူနေတဲ့လူ နှစ်ယောက် မရှိနိုင်ဘူးတဲ့။ လူတိုင်း လူတိုင်းဟာ တခြားလူနဲ့ မတူ၊ သီးခြား ဖြစ်သော လူချည်း ဖြစ်ကြပါတယ်တဲ့။ အဲဒါကို အဘ မကြာခဏ ပြောတာပေါ့။ သားငယ်ရဲ့ စိတ်ထဲမှာ ဒီလောကကြီးမှာ ငါဟာ ဘယ်သူနဲ့မျှ မတူ၊ ငါဟာ တစ်မူထူးခြားသော သူသာလျှင် ဖြစ်တယ် ဆိုတာကို စိတ်ထဲမှာ စွဲမြဲထားရမယ် သားငယ်။

အဲ တချို့လူတွေ ရှိတယ်။ သူတို့ကိုယ်သူတို့ တခြားလူတွေနဲ့ မတူဘူး ဆိုတာကို လက်ခံတယ်။ ဒါပေမဲ့ အနုတ်လက္ခဏာပြပြီး မတူတာလို့ လက်ခံနေတယ်။ ဆိုလိုတာက ငါဟာ သူများနဲ့ မတူဘူး။ သူများတွေသာ တော်ကြတယ်၊ တတ်ကြတယ်၊ ကံကောင်းကြတယ်။ ကိုယ်တိုင်က မတော်တာတောင်မှ တော်တဲ့ တတ်တဲ့ ကံကောင်းတဲ့ မိဘဆွေမျိုးတွေထဲ ပေါက်ဖွားလာတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK


ငါကတော့ ညံ့ဖျင်းပြီး အများနဲ့မတူတာလို့ မိမိကိုယ်မိမိ နှိမ့်ချပြီး စိတ်အားငယ်စရာ မတူတာကို တွေးတော လက်ခံနေတယ်။

စဉ်းစားကြည့်စမ်းပါ သားငယ်။ ကလေး ငယ်ငယ်ကလေးတွေကို ကြည့်ပါ။ ဘယ်သူ့မှာမှ အဲဒီလို သိမ်ငယ်တဲ့ စိတ်တွေ မရှိကြဘူး။ မရှိရုံမကဘူး။ လူကြီးတွေ လုပ်တာကို လိုက်လုပ်ကြည့်ခြင်းဖြင့် သူတို့ဟာ လူကြီးနဲ့ ပခုံးချင်းတိုက်ဖို့တောင် စိတ်မာန်ရှိတတ်ကြတယ်။ ဒါဖြင့် စောစောက ပြောတဲ့ သိမ်ငယ်တဲ့ စိတ်ဓာတ်က ဘယ်က ကောက်ရလာတာလဲ၊ နည်းနည်းလေးကြီးမှ ကိုယ့်အညွန့်ကိုယ် ချိုးပစ်လိုက်တာလည်း ရှိတယ်။ ပတ်ဝန်းကျင်က ကလေးစိတ်ပညာကို လုံးဝ နားမလည်တဲ့ လူကြီးတွေ၊ သင်တန်းဆရာတွေကြောင့်လည်း ဖြစ်တယ်။ အဲဒီတင် 'ငါဟာ သူများနဲ့ မတူဘူး၊ မတူတာက ငါဟာ ညံ့ဖျင်းနေလို့ပဲ' ဆိုတဲ့ စိတ်အတွေးတွေ ဝင်ရောက်လာရတော့တာပဲ။

သားငယ်ကို အဘ ငယ်စဉ်က အဖြစ်ကို ပြောပြမယ်။ အဘဟာ သူငယ်တန်းက စပြီး စတုတ္ထတန်းလောက်အထိ စာတော်ခဲ့တယ်။ အတန်းထဲမှာ ထူးချွန်ခဲ့တယ်။ ပဉ္စမတန်းကျတော့ အစိုးရကျောင်းကို ပြောင်းနေခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်ကပေါ့လေ။ အဲဒီမှာ ဆရာတစ်ဦးနဲ့ ကြုံကြိုက်ရတယ်။ သူဟာ စာမတော်တဲ့ တပည့်တွေ၊ စာထဲမှာ စိတ်မဝင်စားတဲ့ တပည့်တွေကို ဆုံးမရာမှာ နှိမ်ပြောတတ်တယ်။ ဥပမာ "မင်းက ညံ့လှချေလား၊ ဘယ်လိုလုပ်ပြီး လေးတန်းကို အောင်ခဲ့ပါလိမ့်" စသည်ဖြင့် ယခင်က သင်ပေးလိုက်တဲ့ ဆရာ

mgyoe.com